# တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်ဆိုင်ရာဆွေးနွေးမှုများသည် နိုင်ငံရေးဆွေးနွေးပွဲအတွက် လမ်းစဖြစ်ကြောင်းကို ကရင်လူမှုအဖွဲ့အစည်းများယုံကြည့်နိုင်ခြင်းမရှိတော့ပါ။

## အောက်တိုဘာလ (၄) ရက်၊ (၂၀၁၅) ခုနှစ်

ဤထုတ်ပြန်ကြေငြာချက်တွင် မြန်မာနိုင်ငံတစ်ဝှမ်းနှင့်ကမ္ဘာတစ်ဝှမ်းမှပါဝင်ထောက်ခံလက်မှတ်ရေး ထိုးထားသောတစ်ဦးတစ်ယောက်ချင်းစီနှင့် ကျွန်ုပ်တို့လူမှုအဖွဲ့အစည်းများသည် ကျွန်ုပ်တို့၏တိုင်းရင်း သားအခွင့်အရေးများဖြစ်သည့် ကိုယ်ပိုင်ပြဌာန်းခွင့်၊ တန်းတူညီမျှရေး၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးရရှိ ရေးများအတွက် လှုပ်ရှားမှုများကို တစ်စိုက်မတ်မတ်ပါဝင်လုပ်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံတိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်အဖွဲ့များနှင့် မြန်မာနိုင်ငံအစိုးရတို့ပူးပေါင်းရေးသားမှုဖြင့် နောက်ဆုံးရရှိခဲ့ကြသော တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်သည် ပြည့်စုံမှုမရှိခဲ့သော်ငြား လည်း တည်တံ့ခိုင်မြဲသောတစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးမှ နိုင်ငံရေးဆွေးနွေးပွဲအဆင့်သို့ ဦးတည်ခေါ် ဆောင်သွားစေနိုင်မည်ဟု တစ်ချိန်က ကျွန်ုပ်တို့ကြီးမားစွာမျှော်လင့်ခဲ့သည်။ သို့သော်လည်း လက် တွေ့အခြေအနေတွင် ဤလုပ်ငန်းစဥ်များတွင် အဓိကပါဝင်သူများသည် စိတ်ပျက်စရာကောင်း လောက်အောင် အောက်ပါအချက်များကို အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ချေ။

(၁) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရအကြားယုံကြည်မှုတည်ဆောက်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချင်းချင်းအကြား ယုံကြည်မှုနှင့်စည်းလုံးညီညွတ်မှုတည် ဆောက်ခြင်း (သို့မဟုတ်) အရေးကြီးဆုံးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အများစုအကြား စည်းလုံးညီညွတ်မှုတည်ဆောက်ခြင်းကိုဆောင်ရွက်ကာ အားလုံးပါဝင်သောတစ်နိုင်ငံလုံးအ ပစ်ခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်ချုပ် ဆိုနိုင်ရေးကိုခိုင်မာစေခြင်း။

(၂) အစိုးရနှင့်ဆွေးနွေးညှိနှိုင်းကာ တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးအစစ်အမှန်ဖြစ်စေရန်အတွက် တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အားလုံးပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကို ဆောင်ရွက်နိုင်ခြင်း။

(၃) ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း မြန်မာတပ်မတော်၏ ထိုးစစ်ဆင်မှုများနှင့် တိုင်းရင်းသားအုပ်ချုပ်ရေးနယ်မြေဒေသအတွင်း မြန်မာတပ်မတော်၏ စစ်အင်အား တိုးမြှင့်လှုပ်ရှားမှုများကိုရပ်တန့်ခြင်း။

(၄) ငြိမ်းချမ်းရေးလုပ်ငန်းစဥ်အပေါ် ကရင်လူမျိုးများနှင့်နယ်မြေဒေသများစွာမှ တိုင်းရင်းသားပြည်သူလူထုများစွာ၏ ယုံကြည်စိတ်ချမှုရရှိအောင်ဆောင်ရွက်နိုင်ခြင်း။

စက်တင်ဘာလ (၂၈) ရက်မှ (၃၀) ရက်အထိ ပြုလုပ်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ထိပ်သီးအစည်းအဝေးအပြီးတွင် ရရှိသောရလဒ်မှာ တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး သဘောတူညီမှု စာချုပ်ကို အဖွဲ့ (၇) ဖွဲ့က လက်မှတ်ရေးထိုးရန်သဘောတူပြီး အခြား (၁၁) မှာမူ တိုင်းရင်းသားနယ်မြေ အ တွင်းမြန်မာတပ်မတော်၏ထိုးစစ်ဆင်မှုနှင့် လက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင်ရေးမူကို လေးစား စွဲ ကိုင်မှုမရှိဘဲ လက်ရှိတစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးသဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးမည် မဟုတ်ဟူ၍ ကွဲပြားမှုများရှိခဲ့သည်။ ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) ဉက္ကဋ္ဌနှင့်၎င်း၏အ ပေါင်းအပါများသည် ၎င်းတို့မျော်လင့်ကြသော အောက်တိုဘာလအစောပိုင်းအတွင်း တစ်နိုင်ငံလုံးအပစ် ခတ်ရပ်စဲရေးသဘောတူညီမှုစာချုပ် ချုပ်ဆိုရေးအတွက် ယခုလက်မှတ်ရေးထိုးရန်သဘောတူသည့် အ ဖွဲ့ (၇) ဖွဲ့ကို သိသာစွာဦးဆောင်လာခဲ့ပြီး အောက်ခြေပိုင်းပြင်ဆင်မှုများဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်တို့ ကရင်လူမှုအဖွဲ့အစည်းများအနေဖြင့် အောက်ဖေါ်ပြပါအချက်များကြောင့် ထိတ်လန့်စိုးရိမ်ပူပန်မှုများ စွာ ဖြစ်ရပါသည်။

(၁) လက်ရှိတွင် ကေအဲန်ယူခေါင်းဆောင်အချို့က ဒီမိုကရေစီနှင့်ဆန့်ကျင်ကာ အများစု၏ပါဝင်မှု မရှိ သည့်ဆုံးဖြတ်ချက်များကိုချ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အနည်းငယ်၏ ထောက်ခံမှုဖြင့် ကျန်တိုင်းရင်းသားလက်နက်ကိုင်အများစု၏ သဘောဆန္ဒကိုဖီဆန်ကာ တစ်နိုင်ငံလုံးအပစ်ခတ်ရပ် စဲရေးသဘောတူညီမှုစာချုပ်ကို အလောတကြီးလက်မှတ်ရေးထိုးနိုင်ရေးအတွက် လုပ်ဆောင် နေ သည်မှာ ကရင်လူထုတစ်ရပ်လုံးနှင့် ၎င်းတို့၏မိခင်အဖွဲ့အစည်းအပေါ် ပွင့်လင်းမြင်သာမှုနှင့် တာ ဝန်ယူမှုတာဝန်ခံမှုလုံးဝမရှိကြောင်းဖေါ်ပြနေသည်။

(၂) ယခုအောက်တိုဘာလအစောပိုင်းတွင် အဆိုပါကေအဲန်ယူခေါင်းဆောင်အုပ်စုသည် တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန်ရည်ရွယ်ချက်ဖြင့် ရန်ကုန်သို့သွားရောက်ခဲ့သည်။ ဤသို့လုပ်ဆောင်ရာတွင်လည်း ကေအဲန်ယူနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ကချမှတ်ထားသော တရား ဝင်လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီမှုမရှိပေ။ အမှန်တွင် ထိုကဲ့သို့အစိုးရနှင့် ရှေ့ဆက်ဆွေးနွေးမှု များမလုပ်ခင် ၎င်းတို့ကလုပ်ဆောင်သင့်သည်မှာ မကြာခင်ကပြုလုပ်ခဲ့သည့်တိုင်းရင်းသားလက် နက်ကိုင်များ၏ထိပ်သီးအစည်းအဝေးမှရလဒ်များကို ကေအဲန်ယူဗဟိုကော်မတီအပြင် KNLA စစ် ဌာနချုပ်သို့ တင်ပြဆွေးနွေးကာ အများသဘောထားရယူရမည်ဖြစ်သည်။

(၃) အဆိုပါ ကေအဲန်ယူအထက်ခေါင်းဆောင်တို့သည် အခြားကရင်ခေါင်းဆောင်၊ ကရင်လူမှုအဖွဲ့အ စည်း၊ ကရင်လူထုအစုအဖွဲ့နှင့် ၎င်းတို့ကကိုယ်စားပြုပါသည်ဟုဆိုနေသော ဒေသခံပြည်သူများ၏ စိုးရိမ်ပူပါမှုများကို အလေးထာမှုမရှိ။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှတစ်ဆင့် စစ်မှန်သောငြိမ်းချမ်းကို အောင်မြင်စွာဆွတ်ခူးနိုင်ရေးအတွက် အလောတကြီး (သို့မဟုတ်) အတင်းအဓမ္မပုံစံဖြင့် မသွားသင့်ပါ။ ထို့ကြောင့်ကျွန်ုပ်တို့မှ အောက်ပါ အ ကြံပြုချက်များကို ဖေါ်ပြတိုက်တွန်းလိုက်ပါသည်။

(၁) ပဋိပက္ခတွင်ပါဝင်နေသော တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့အားလုံးက အတူတကွလက်ခံနိုင်သောသဘောတူညီမှုကိုရရှိရန်အတွက် ယခုအချိန်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရသည် လက်တွေ့ကျပြီး အများလက်ခံနိုင်သောအခြားနည်းလမ်းတစ်ခုခုကိုရှာဖွေရမည်ဖြစ်သည်။

(၂) အကယ်၍ ပထမ အချက်အနေဖြင့် ယခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်မကင်းလွတ်သော အခြားသော အစု အဖွဲ့တိုင်းသည် ဒီမိုကရေစီစနစ်အတိုင်း ပြည့်ပြည့်ဝဝပါဝင်နိုင်ခွင့်ရှိမည်၊ ဒုတိယအချက်အနေဖြင့် ပြည်သူလူထု၏ဆန္ဒနှင့် လိုအပ်မှုပြည့်ဝရေးအတွက် အမှန်တကယ်လေးလေးစားစားဆောင်ရွက်လိုစိတ်ရှိရမည်၊ (နောက်ဆုံးအချက်) ပဋိပက္ခဖြစ်ရခြင်း၏ အဓိကအရင်းအမြစ်ကို စိတ်ရောကိုယ်ပါအမှန်ကယ်ဖြေရှင်းပြီး တည်မြဲသောငြိမ်းချမ်းရေးကို ဆွတ်ခူးလိုစိတ်ရှိမည်ဆိုလျှင် အခြားသောအစားထိုးရွေးချယ်စရာနည်းလမ်းများ အမြဲတမ်းတည်ရှိ မည်ဖြစ်သည်။

(၃) လက်မှတ်ရေးထိုးရန် သဘောတူသော ကေအဲန်ယူခေါင်းဆောင်အချို့နှင့် တိုင်းရင်းသားလက်နိုင်ကိုင်ခေါင်းဆောင်တို့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးက တူညီစွာတောင်းဆို သောအားလုံးပါဝင်ရေးကို လေးလေးနက်နက်စဉ်းစားသင့်သည်။

စည်းလုံးညီညွတ်မှုသည် ကျွန်ုပ်တို့၏ခွန်အားပေဖြစ်သည်။ ယခင်ကအချိန်များထက်ပိုပြီး ယခုအချိန်သည် ကေအဲန်ယူနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များက ယခင်အမှားများမှသင်ခန်းစာယူရမည့်အချိန်ဖြစ်သည်။ အားလုံးကတူညီစွာလက်ခံနိုင်ရေးမှုကို စွဲကိုင်ခြင်းမရှိပါက နိုင်ငံအတွင်းတစ်ဖက်တွင်အပစ်ခတ်ရပ်စဲရေးလုပ်ပြီး တစ်ဖက်တွင်ပဋိပက္ခများဖြစ်ပွားနေသော ကျွန်ုပ်တို့နှင့်မစိမ်းကားသည့်လမ်းကြောင်းပေါ်တွင်သာ ကျွန်ုပ်တို့ရှေ့မတိုးသာနောက်မဆုတ်သာဘဲ ဖြစ်နေလိမ့်မည်မှာ ထင်ရှားသည်။ မြန်မာအစိုးရနှင့်၎င်း၏စစ်တပ်က ငြိမ်းချမ်းရေးလိုချင်ကြသည်ဟု အခိုင်အမာဆိုကြသည်။ ထိုအတွက် ၎င်းတို့မှ စိတ်ထားမှန်ကန်ကြောင်းကိုသက်သေပြရမည်ဖြစ်ပြီး (၂၀၁၂) ခုနှစ်ကစပြီးယခုအချိန်အထိ တိုင်းရင်းသားလက်နက်ကိုင်တစ်ဖွဲ့ချင်းစီနှင့် နှစ်ဦးနှစ်ဖက်ချုပ်ဆိုခဲ့သည့် ပဏာမသဘောတူညီချက်များ ကိုလေးစားရမည်။ သို့သော် လက်ရှိဖြစ်ပွားနေသော မြန်မာစစ်တပ်၏ထိုးစစ်ဆင်မှုများက ဆန့်ကျင်ဖက်အနေအထားကိုဖေါ်ပြနေသည်။ တိုင်းရင်းသားနယ်မြေအတွင်း မြန်မာစစ်တပ်၏ စစ်အင်အားတိုးမြှင့်ချထားမှုနှင့် လှုပ်ရှားမှုများကိုလျှော့ချရန် လုံးဝလိုအပ်သည်။

**ဆက်သွယ်ရန်။**

Saw A GanemyKunoo (ကရင်၊ အင်္ဂလိပ်နှင့် မြန်မာဘာသာဖြင့်ဆက်သွယ်ရန်) +61-413693311
မန်းအောင်လဲ(န်)ဒို (ကရင်နှင့်မြန်မာဘာသာဖြင့် ဆက်သွယ်ရန်) +61-431527267
နော်ထူးခူဆာစေး (ကရင် နှင့်အင်္ဂလိပ်ဘာသာဖြင့် ဆက်သွယ်ရန်) +44-7940522425
နော်ဝါးခူရှီး (ကရင်နှင့်အင်္ဂလိပ်ဘာသာဖြင့်ဆက်သွယ်ရန်) + 66861182261

ပါဝင်လက်မှတ်ရေးထိုးသူများ။

1. Anglican Karen Church, TN, USA
2. Australian Karen Organization, Inc, Australia
3. Back Pack Health Workers Team, Burma/Thailand
4. Bowling Green Karen Baptist Church, KY, USA
5. Calvary Karen Baptist Church, Queensland, Australia
6. Ebenezer Karen Church, Dallas, TX, USA
7. Ethnic Nationalities Organization, Inc, Australia
8. Finland Karen Culture Association, Finland
9. Indiana Karen Baptist Fellowship, IN, USA
10. International Karen Organization
11. Israel Karen Organization, Israel
12. Jury's Orphanage, Thailand/Burma
13. Karen Affairs Committee, Burma
14. Karen American Organization, USA
15. Karen Association of Iowa, IA, USA
16. Karen Community Association of Wisconsin, WI. USA
17. Karen Community Association, UK
18. Karen Community in Norway
19. Karen Community of Canada
20. Karen Community of Colorado, CO, USA
21. Karen Community of Ft. Worth, TX, USA
22. Karen Community of Minnesota, MN, USA
23. Karen Environmental and Social Action Network, Burma/Thailand
24. Karen Klo Kwe La Organization, TX, USA
25. Karen National League, Japan
26. Karen Rivers Watch, Burma/Thailand
27. Karen Student Network Group, Burma/Thailand
28. Karen Swedish Community, Sweden
29. Karen Women Organization, Burma/Thailand
30. Louisville Karen Community, KY, USA
31. Malaysia Karen Organization, Malaysia
32. Methodist Karen Church, TN, USA
33. Mutraw Community Development Committee, Burma
34. New Bern Karen Community, NC, USA

35. New Zealand Karen Association, Inc, New Zealand
36. Quad Cities Karen Community, IL & IA, USA
37. Tabernacle Baptist Church, Karen Community, NY, USA
38. Taw Oo Humanitarian and Development Committee, Burm a
39. Karen Unity Network in Highpoint, NC, USA
40. Utica Karen Baptist Church, NY, USA
41. Utica Karen Community, NY, USA